**"သျှမ်းပြည်အတွင်းရှိ လူမျိုးစု လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများသို့ အိတ်ဖွင့်ပေးစာ"**

ရက်စွဲ- ၂၅.၄.၂၀၂၃

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့တွင် ဒုဌဝတီမြစ်ပေါ်၌ စစ်ကောင်စီအစိုးရမှ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် နမ္မတူရေအားလျှပ်စစ်စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းများကြောင့် သီပေါမြို့နယ်ရှိ သမိုင်းဝင် ဘော်ကြိုဘုရားကြီးအပါအဝင် ကျေးရွာအုပ်စု ၁၁ စုတို့သည်၎င်း၊ နမ့်ဆန်မြို့နယ်မှ လီလုကျေးရွာတို့သည် ၎င်း ရေအောက်သို့ရောက်ရှိနစ်မြုပ်ကာ ဒေသခံပြည်သူသောင်းချီ၏လူမှုဘဝများကို ကိုထိခိုက်စေမည် ဖြစ်သည်။

ရေနစ်မြုပ်နိုင်မည့်သည့်ဒေသများမှ ဒေသခံပြည်သူများသည် အဆိုပါရေကာတာများ စတင်တည်ဆောက်စဉ်ကတည်းကပင် အစဉ်တစိုက် ကန့်ကွက်မှုများကို ပြုလုပ်ခဲ့ကြသော်လည်း ယခင်အစိုးရအဆက်ဆက်မှ ယခုစစ်ကောင်စီအစိုးရခေတ်အထိ ဆက်လက်တည်ဆောက်နေကြဆဲပင်ဖြစ်သည်။

မြစ်များသည် မိမိတို့ သျှမ်းပြည်အတွင်းမှီတင်းနေထိုင်ကြသည့် သူတိုင်း စောင့်ရှောက်ထိန်းသိမ်းရမည့်အသက်သွေးကြောဖြစ်သည်။ ဒုဌဝတီမြစ်အပါအဝင် သျှမ်းပြည်တစ်ဝှမ်းမှမြစ်များသည် ခရီးသွားလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်းတို့ကို အထောက်အကူပြုနေသည့်အပြင် သဘာဝပတ်ဝန်းကျင် နှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏မှီခိုရာဖြစ်ရာ ရေကာတာများတည်ဆောက်မှုသည် အဆိုပါ အားလုံးကို ပျက်စီးသွားစေမည်ဖြစ်သည်။

ထို့အပြင် မိမိတို့၏ သျှမ်းပြည်အတွင်းရှိ မြစ်များပေါ်တွင် ရောမရေကာတာကြီး ဆယ်ခုရှိနှင့် နေပြီး အဆိုပါရေကာတာများမှ ထုတ်လုပ်သောလျှပ်စစ်သည် မြန်မာပြည်ရေအားလျှပ်စစ်ထုတ်လုပ်မှု၏ ထက်ဝက်ကျော်ပမာဏရှိပါသည် ။သို့သော်လည်း သျှမ်းပြည်ရှိ ဒေသအများအပြားတွင် လျှပ်စစ်မီးကို ယခုထက်တိုင် မရရှိကြသေးပါ။ ယခု ဒုဌဝတီမြစ်ပေါ်၌ တည်ဆောက်နေသည့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုမှာလဲ သျှမ်းပြည်သူများအတွက် အကျိုးမရှိသောစီမံကိန်းများသာဖြစ်သည်။

အရေးကြီးဆုံးသတိပြုရမည့်အချက်မှာ စစ်ကောင်စီသည် ယခုရေကာတာများမှ ရရှိလာမည့်အကျိုးအမြတ်များကို မည်သည့် နေရာတွင် မည်သို့သုံးစွဲမည်ကို ပွင့်လင်းမြင်သာစွာ ချပြမှုကိုလည်း မတွေ့ရှိရသဖြင့်

ဖက်ဒရယ်ဒီမိုကရေစီရရှိရေး အတွက် ကြိုးပမ်းနေသော ပြည်နယ်များကို တစ်နည်းနည်းဖြင့် သွယ်ဝိုက်ကာ ထိခိုက်နစ်နာသွားစေမည်ကိုလည်း အထူးစိုးရိမ်မိပါသည်၊ အဆိုပါ စီမံကိန်းကို စတင်အကောင်အထည်ဖော်ရေး သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုဆိုင်ရာ EIA/SIA စစ်တမ်းများ ကောက်ယူထားမှုသည်လည်း ပွင့်လင်းမြင်သာမှု မရှိပါ၊ အဆိုပါ EIA/SIA စစ်တမ်းများသည်လည်း ဒေသခံပြည်သူတို့၏ သဘောထားအမှန် မဟုတ်ပဲ လုပ်ကြံဖန်တီးထားခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်ရာ သက်ဆိုင်ရာ လူမျိုးစုလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၊ နိုင်ငံရေးပါတီများအနေဖြင့် သျှမ်းပြည်၏ အသက်သွေးများကြောဖြစ်သည့် မြစ်များကိုကာကွယ်ရန်သော်လည်းကောင်း၊ ဒေသခံပြည်သူလူထုနှင့်အတူ တစ်သားတည်း ရပ်တည်သည့်အနေဖြင့်လည်းကောင်း၊ ဒေသခံပြည်သူလူထု၏ လူမှုဘဝများကို ထိခိုက်ပျက်ဆီးစေသော ဒုဋ္ဌဝတီမြစ်ပေါ်တွင် တည်ဆောက်နေသည့် အထက်ရဲရွာရေအားလျှပ်စစ်၊ နမ္မတူရေအားလျှပ်စစ်စီမံကိန်းတို့အပါအဝင် တည်ဆောက်ရန် ကျန်ရှိနေသေးသည့် အလယ် ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုများရပ်တန့်သွားစေရန် မည်သည့်နည်းနှင့်မဆို တားဆီး ကူညီဆောင်ရွက်ပေးပါရန် ဒေသခံပြည်သူများကိုယ်စားမိမိတို့မှ လေးစားစွာတောင်းဆိုအပ်ပါသည်။

ပူးပေါင်းပါဝင်သော အဖွဲ့အစည်းများ -

1. Global Shan Network
2. Tai Youth Yangon
3. Tai Youth Community South Korea
4. Tai Youths Network Japan
5. Tai Youth Htong Mao
6. Tai Students' Union
7. Namtu River Protectors
8. Progressive Youth Network Hsipaw
9. Kyun Ta Htaung Myae Foundation
10. Shan Youth WingMaw
11. Shan Community in Japan
12. Tai Community (Canada)
13. Tai Youth Laikha

ဆက်သွယ်ရန် -


1. Vanda
   +66997649590(signal)
2. Nang Mo Seng
   +17722056668(signal)
3. Jai Lao Hseng Khur
   +66983384338(signal)